

## ခင်လန်းဆန်း

အင်မတန် အစွဲအလမ်းကြီးမားစွာ ချစ်တတ်လိမ့်မည်ဟု မိမိကိုယ်မိမိ မထင်မှတ်ခဲ့ဖူးသော ခင်လန်းဆန်းသည် ညိုရွှေရောင် ဆံပင်ပျော့ပျော့နှင့် ယောက်ျားတစ်ယောက်ကိုမူ အချစ်ကြီး ချစ်ခဲ့မိ လေသည် ။ ထိုယောက်ျားကို ခင်မင်သော အသိုင်းအဝိုင်းက နီနီဟု ခေါ်ကြပါသည် ။ သူ၏ အမည်ရင်းမှာ အန်ထော်နီဟိုး ဖြစ်နေသောအခါ ခင်လန်းဆန်းအတွက် ရှေ့မှ 'ကို'တပ်၍ ခေါ်ရန် ခက်လှသဖြင့် အသက် သုံးနှစ်ခန့် သူမထက်ကြီးသော သူ့ကို ခင်လန်းဆန်းကလည်း 'နီနီ' ဟု ပင် ခေါ်ပါသည် ။

ထိုယောက်ျားသည် ခင်လန်းဆန်း၏ အိပ်မက်၊ ခင်လန်းဆန်း၏ မျှော်လင့်ချက်၊ ခင်လန်းဆန်း၏ အနာဂတ်၊ ခင်လန်းဆန်း၏ အပြုံး။ ခင်လန်းဆန်း၏ အသည်းနှလုံး၊ ခင်လန်းဆန်း၏ ဘဝတစ်ခုလုံး။ ဤယောက်ျားက သူမကို ဤမျှ ဖမ်းစားသွားလိမ့်မည်ဟု တွေ့စက ခင်လန်းဆန်း မယုံကြည်ခဲ့ပါ။ သာမန် တွေ့ရိုးတွေ့စဉ် ခင်ရိုးခင်စဉ် တွဲရိုးတွဲစဉ် ကောင်ကလေး တစ်ယောက်၏ အဆင့်အတန်းမျိုးမျှသာ သူ့အပေါ် သတ်မှတ်ခဲ့သော်လည်း ယင်းသတ်မှတ်ချက်မှာ လွဲမှားခဲ့ကြောင်း နောင်တော့ ခင်လန်းဆန်း သိခဲ့ရပါသည် ။

ထိုယောက်ျားကို ခင်လန်းဆန်း အင်မတိအင်မတန် ချစ်မြတ်နိုးသွား

ရခြင်းအကြောင်းရင်းမှာ ထူးဆန်းပါသည် ။

သူများ အတွက် မထူးဆန်းဘူးဆိုလျှင်တောင် ခင်လန်းဆန်းအတွက် တော့ ထူးဆန်းပါသည် ။

အကြောင်းမှာ ထိုယောက်ျားသည် ငယ်ချစ်ဦး မိန်းမတစ်ယောက်အ တွက်အသည်းကွဲခဲ့ဖူးကာ ထိုမိန်းမကို သူ့အသက်နှင့်ထပ်တူ ချစ်မြတ်နိုး လှကြောင်း သိခွင့်ရလိုက်၍ ဖြစ်ပါ သည် ။

စသိကြကတည်းက သူမအပေါ် စိတ်ဝင်တစား အရောတဝင် မရှိလှ ဘဲ၊ မှန်တမ်းဆန်လှသော သူ့ကို မကျေနပ်ချင်သလို ဓာတ်ခံနှင့် အသည်း ထဲ ယားကျိကျိ ဖြစ်လှသော ခင်လန်းဆန်းသည် တစ်စထက်တစ်စ တစ် နေ့ထက်တစ်နေ့ သူ့ကို ပိုတိုး စိတ်ဝင်စားကာ တွယ်တာစ ပြုမိတော့ မ လိုအချိန်၌ ထိုအကြောင်းအရာကို သိခွင့်ရလိုက်သောအချိန်တွင် ပြုန်းခ နဲ ဆန်းကြယ်လှစွာ သူ့အပေါ် ချစ်မြတ်နိုး လိုက်မိပါတော့သည် ။

ဤမျှ အစွဲအလမ်းကြီးကြီး ချစ်တတ်သော ယောက်ျား တစ်ယောက် ရဲ့ အသည်းနှလုံးကို သူမ ဘာကြောင့် မပိုင်ဆိုင်လို ဟန်ဆောင်ရမည်န ည်း။

ရလိုသည် ။ အန်ထော်နီဟိုးရဲ့ အသည်းနှလုံးကို ခင်လန်းဆန်းက တ စ်သက်တာလုံးအတွက် မိမိတစ်ဦးတည်းပိုင်ရဖို့ ထွတ်ထွတ်မြတ်မြတ် အလိုရှိသည် ။

အရှုးအမူး အလိုရှိသည် ။

ခင်လန်းဆန်းအလိုရှိသော အရာသည် ခင်လန်းဆန်း၏ လက်သို့ အ နေးနှင့်အမြန် ရောက်ရမည်မှာ သူမ၏ ဥပဒေတည်း။

ဘဝတစ်သက်တာတွင် သူမ အလိုရှိပါလျက် မရခဲ့ရသော အရာဝတ္ထု

တစ်ခုမျှ မရှိခဲ့ပါ။

လက်ညှိုးညွှန်ရာ ရွှေဖြစ်ခဲ့သော သူမ၏ ဘဝခရီးကို သူမ ယုံကြည်မှု အပြည့်ရှိသည် ။

ခင်လန်းဆန်းသည် အမြဲတစေ ကံကောင်းသူတစ်ယောက် ဖြစ်သည် ။

ရွှေလင်ပန်းနှင့်အချင်းဆေး၊ ရွှေဇွန်းကိုကိုက်ကာ ရွှေမှုန်ကို ကော်စားခဲ့သူမို့ သူမဘဝက ပြီးပြည့်စုံသည် ။

လိုအပ်ချက်မှာ တစ်ခုတည်းသာရှိခဲ့သည် ။

မိမိက အရှုးအမူးချစ်မိသော ယောကျ်ားတစ်ယောက်။

အိမ်ထောင်ဖက်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို မိဘက ပေးခဲ့သဖြင့် ကျွမ်းကျွမ်းကျင်ကျင် ပျံသန်းတတ်ပြီဖြစ်သော အတောင်တစ်စုံအားဖြင့် လောကကြီးထဲ ခင်လန်းဆန်း တစ်ဆုံးတစ်စ ပျံသန်းခဲ့ဖူးပြီ။

ယောကျ်ားကလေးတချို့နှင့် သူမ တွေ့ဖူးခဲ့သည် ။ တွဲဖူးခဲ့သည် ။

တစ်ဦးအပေါ်မှာ မှ နှုတ်ကတိ မကျွံဖူးသော်လည်း သူမမှာ အတွဲအဖော် ထည်လည်း ရှိခဲ့ပါသည် ။

သူမမျှော်လင့်သည် မှာ ဤအဖော်များ အနက်မှ တစ်ဦးတစ်ယောက်ကို ကာလကြာသော် သူမ သံယောဇဉ် အခြားထက်ပိုကာ ရွေးချယ်နိုင်လိမ့်မည်ဟု ။

သို့သော် သူမအထင် တက်တက်စင်လွဲခဲ့ပါသည် ။

ယောကျ်ားကလေးပေါင်းဆယ်ယောက်ထက်မနည်း သူမ ရွေးချယ်တွဲခဲ့ပါလျက် တစ်ဦး တစ်ယောက်အပေါ်မှာ မှ ရင်ခုန်ခြင်း သာယာခြင်း

သံယောဇဉ်ပိုခြင်း မရှိနိုင်ခဲ့ဘဲ၊ တွေ့ဆုံနှုတ်ဆက် စကားပြောဖူးရုံ မသိတသိ လူတစ်ယောက်ကိုမှ သူမ ရင်ခုန်ခြင်းမက ရင်ခုန်ခဲ့ရပြီ။

ခင်လန်းဆန်းကို ဂရုမစိုက်နိုင်သူ တစ်ယောက်ကိုမှ ခင်လန်းဆန်းက ဂရုတစိုက်ဖြစ်ခဲ့ရသည် တဲ့ ။

မယုံချင့်ယုံချင်နှင့် ကိုယ့်ကိုကိုယ် စိတ်ချလက်ချမရှိနိုင်သေးသောအချိန်မှာ စိတ်ချနိုင် လိုက်ခြင်းဟာ တကယ်တော့ မျက်စိတစ်မှိတ်သာသာ အချိန်လေးအတွင်းမှာ ပါ။

ဟိုး တစ်နှစ် ဒီဇင်ဘာသုံးဆယ့်တစ်ရက်ညပေါ့။

*

ထိုညက ခင်နန္ဒာတို့ အိမ် နယူးရီးယားပါတီပွဲသို့ အန်ထော်နီဟိုး ရောက်လာပါသည် ။

မရောက်ရောက်အောင်လည်း အတင်းကာရော တရွတ်မဆွဲရုံတမယ် ဖိတ်ခဲ့ရတာ။

ဖိုထားသော မီးပုံကြီးနံဘေး အသားကင်နေသူတွေ၊ ဘီယာသံဘူးတို့နှင့် ယစ်ထွေရီဝေနေသူတွေ၊ တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ကျီစယ် ဟားတိုက်နေသူတွေ။

ခင်လန်းဆန်းသည် ဟော့တ်ပေါ့တ် အသားပြုတ်အိုးနံဘေး ကွယ်ကွယ်၌ ကုလားထိုင်ချကာ နေရာယူလျက် နီနီ့ကို ခိုးကြောင်ခိုးဝှက် ငေးကြည့်နေသည် ။

သူဟာ အဲဒီနေ့က သူ့ဆံပင် ရွှေညိုရောင် စင်းစင်းများကို အားလုံး လှန်တင်ကာ သိုးမွေးခေါင်းစွပ် မီးခိုးပြာကလေး ဆောင်းထားသည် ။

ခေါင်းစွပ်ရဲ့ ထိပ်က သိုးမွေးလုံးပွပွကလေးဟာ နောက်ဘက် လန်တန်တန်နှင့် ကလေး တစ်ယောက် ဟန်ပန်လေး နုနယ်နေသော သူ့မျက်နှာမှာ တည်တည်အေးအေး ငြိမ်ငြိမ်သက်သက် ကလေး။

နဖူးပြင်က ရှင်းပြောင်ပြန့်ပြူးကာ မီးပုံမှ အလင်းရောင်ဟပ်နေသည် ။

ရှည်လျားသော မျက်တောင်ကြီးများကို စင်းချကာ သူကင်နေသော အသားကင်ကိုသာ စိတ်ပါဝင်စားစွာ စိုက်ကြည့်ငြိမ်သက်နေသည် မှာ အရုပ်တစ်ရုပ်အလား။

ဘေးတိုက်နှာတံက ချွန်စင်းဖြောင့်ထင်းလှသည် ။ နှုတ်ခမ်းကလေးက အပြုံးဘက်လုသော အတည်ဖြင့် ခပ်စေ့စေ့။

မီးခိုးပြာနှင့် အနက်ချိတ် ဆွယ်တာပွကြီးရယ်၊ တကယ့်ကို ပြာလှသော ဂျင်းဘောင်းဘီရယ်။

သူ့တစ်ကိုယ်လုံးမှာ အသားကင်ကို လှည့်ပေးနေသော လက်ကောက်ဝတ်တစ်ခုသာ လှုပ်ရှား နေသည် ။

မီးရောင်ဟပ်နေသော သူ့ပုံစံမှာ မျက်စိမဖယ်ချင်လောက်အောင် ဆွဲဆောင်မှုအားကောင်းစွာ ခင်လန်းဆန်းရဲ့ နှလုံးသားကို ညှို့နေပါသည် ။

သူဟာ ချစ်စရာကလေး ….။ ချစ်စရာလေးပါပဲ ….။

“နီနီရေ …. ဝိုင်းလေး နည်းနည်းခြောက်နေတယ် လုပ်ပါဦး”

အတန်းထဲက ကိုသိန်းစိုးဆိုသည့် အစ်ကိုကြီးက ဂီတာတစ်လက်ယူလာကာ သူ့ ရင်ခွင်ထဲ ဇွတ်ထည့်လိုက်သည် ။

လက်ခုပ်တီးသံ ကျိုးတိုးကျဲတဲနှင့် အားပေးအားမြှောက်သံ တချို့။

ထို့နောက် နီနီက သူ့အသားကင်တံလေးကို ဖိုခနောက်လို လုပ်ထားသော အုတ်ခဲစင်မှာ သေသေချာချာကလေး မှီထောင်လိုက်ကာ မငြင်းမဆန်ဘဲ ဂီတာကို ကိုင်ကာ ကြိုးညှို အသံစမ်း ပါတော့သည် ။

အံ့သြစရာ။

သူ့ရဲ့ သီချင်းကို ကြားခွင့်ရလိမ့်မည်ဟု ခင်လန်းဆန်း ကြိုပြီး စိတ်ကူးမယဉ်မိဖူးပါ။

ခင်လန်းဆန်းသည် သူ့ကို ငေးကာ လက်ဖျားအေးစက်လျက် ရင်တဒိတ်ဒိတ် ခုန်လာသည် ။

ကြည့်စမ်းပါ။ မျက်စိကလေးမှိတ်လျက် သူ့ပုံစံဟာ နတ်ပန်းပု ရုပ်တုတစ်ခုလို။

သူ ထိုင်နေပုံလေးထက်ပိုပြီး အချိုးပြေသော ထိုင်ပုံထိုင်နည်း တစ်ခုခုကို ဘယ်ပန်းပုသမားမှ ထုဆစ်နိုင်လိမ့်မည် မဟုတ်ပါ။

သူ့လက်ကလေးများ လှုပ်ရှားမှုအားဖြင့် သာယာလှသော တေးသွားကလေးတစ်ခု ဖြစ်ပေါ် လာသည် ။

"အချစ်ရဲ့ ဘဝ အစက လူရည်မလည်"

ငြိမ့်အေးရှတသော သူ့အသံကလေးစပြီး ထွက်လာသည် ဆိုလျှင် ခင်လန်းဆန်းသည် အသက် ရှူဖို့ ပင် မေ့လျော့ကာ သူ့ကို ငေးမောနေရာမှ ရင်ထဲတစ်နေရာမှ တစ်စစ အောင့်ကာ လာသည် ။

နှလုံးခုန်တိုးခြင်းကြောင့် ရင်ဘတ်တစ်ခုလုံး အောင့်ကာ သူမ ဘာဖြစ်ပါလိမ့်ဟု ကိုယ့်ကိုယ်ကိုယ် ဇဝေဇဝါရှိရာမှ အံ့သြ ဝမ်းနည်းစွာ မျက်ရည်ရစ်ဝိုင်းလာမိလေသည် ။

ဘာကို အံ့သြဖွယ်မဲ့နည်းရတာလည်း ဆိုလျှင် ခင်လန်းဆန်း မဖြေတတ်ပါ။

"သူ ဘယ်မှာ လဲ သတိရနေတယ်....

တစ်ခါတလေတော့လည်း လွမ်းမိပါတယ် ....

ပြီးဆုံးခဲ့အဖြစ်အပျက်တို့ အသစ်ဖြစ်ဖို့ ....

မလွယ်ကူတာ .... မှန်ပေမယ့် ...."

"နီနီ ကလေ .... ရည်းစားဦးတစ်ယောက်ရှိတယ်တဲ့ ၊ သူ သိပ်ချစ်တာတဲ့ ၊ ဘာကြောင့်လဲ မသိဘူး ကွဲသွားကြတယ် ....၊ အဲဒီ မိန်းကလေးနဲ့ ကွဲသွားကတည်းက သူ့နှလုံးသားက စုတ်ပြတ်သတ်သွားတာ ဒီနေ့ထိ ဘယ်လိုမှ နာလန်မထူတော့ဘူးလို့ အမြဲပြောတယ်၊ အချစ်သစ်လည်း မရှာနိုင်ဘူးတဲ့ ၊ အဲဒီ မိန်းကလေးကို တစ်သက်လုံး သူမမေ့ဘူး၊ သူအမြဲ ချစ်သွားမယ်တဲ့ "

အန်ထော်နီဟိုးနှင့် အတန်ရင်းနီးသော ဟိုဘက်တစ်အုပ်စုမှ ကောင်မလေးတစ်သိုက်က ငေးမောနားထောင်ရင်း တစ်ယောက်က တီးတိုးဖောက်သည် ချနေသည် ။

နီနီ့ကို မျက်တောင်မခတ်ကြည့်နေရင်း ခင်လန်းဆန်း နှုတ်မှ လွှတ်ခနဲမေးလိုက်မိသည် ။

"သေသွားတာလား"

"မသိဘူးဟဲ့ .... သူ့ သူငယ်ချင်းကောင်လေး တွေတောင် ရေရေရာရာ မသိဘူး၊ သူ ငယ်ငယ် ကတည်းက .... တဲ့ ။ ကွဲသွားတယ်ဆိုတာပဲ သိတယ်"

စကားပြောနေသူ မိန်းကလေးသည် အန်ထော်နီဟိုး၏ သူငယ်ချင်းတစ်ယောက်ရဲ့ ချစ်သူမို့ လက်ခံနိုင်ဖွယ် ဖြစ်ပါသည် ။

အခုဆိုတဲ့ သီချင်းဟာလည်း 'ရည်းစားဦး ဇာတ်လမ်း'။

ခင်လန်းဆန်းလည်း သူ ဘာဖြစ်လို့ ဒီလောက် ဝမ်းပန်းတနည်း ခံစား သီဆိုနေရတာလဲဟု ရင်ထဲ တင်းကျပ်ဆို့နင့်ကာ တွေးနေမိသည် ။

သူမ .... နားမထောင်ရက်ပါဘူး ....။

တစ်ချက်တစ်ချက်မှာ မှေးမှိတ်ထားသော မျက်စိကို သူ ဖွင့်လိုက်လျှင် မီးပုံမှ မီးရောင်သည် သူ့ မျက်ဝန်းထဲက မျက်ရည်ဥ ဖြစ်နိုင်သော အရည်ကြည်တို့ ကို တဖျတ်ဖျတ် တောက်ပလက်ဖြာ စေကာ ခင်လန်းဆန်း ရင်ကို နာကျင်စေသည် ။

သီချင်းပြီးဆုံးသွားသောအခါ နီနီသည် ဂီတာကို ပိုက်ထားလျက်သား မျက်စိမှိတ် ငြိမ်သက် နေလေသည် ။

လက်ခုပ်သံ တချို့မှ အားလုံး စုပေါင်းကာ လက်ခုပ်သံတွေ ကျယ်လောင်များ ပြားလာတာကို လည်း သူကြားပုံ မရပါ။

ဤပုံစံအတိုင်းသာကြာသွားသောအခါ ညိုလွင်ဆိုသည့် ကောင်ကလေးက သူ့ဆီ လျှောက်သွားကာ ပခုံးကို ဖျတ်ခနဲ ရိုက်လျက် ဂီတာကို ဆွဲယူလိုက်သည် ။

ထို့နောက် ရိုက်ကာပုတ်ကာ တွန်းကာ ထိုးကာ သူ့ကို ဆွဲခေါ်လာသည် မှာ ဟော့တ်ပေါ့တ် အိုးနား ရောက်လာ၏။

ပန်းကန်တစ်လုံးဆွဲယူကာ ဟင်းရည် ခပ်ယူနေသော သူ့ကို ခင်လန်းဆန်း ငေးမော နေမိဆဲ....။

သူမ ရင်ခွင်တစ်ခုလုံး ဖြောင်းဆန်နေသည် ။

သိပ်ချစ်တတ်ပြီး အသည်းကွဲနေရှာတဲ့ ကောင်ကလေးကို သူမ ချစ်လိုက်တာ .... ချစ်လိုက် တာနော် ....။

အတွေးနှင့်ပင် ခင်လန်းဆန်း မျက်ရည်တွေ တစ်အား ရစ်ဝဲလာသည် ။

ထိုထက်ဆိုးသည် မှာ ကိုယ့်ကိုယ်ကို သတိပြု ချုပ်တည်းခြင်း မပြုနိုင်လိုက်မီ သူမ ပါးပြင်ပေါ် မျက်ရည်တစ်ပေါက်နှစ်ပေါက် ဖြတ်စီးကျလာခြင်းပဲ ဖြစ်သည် ။

သိသိချင်း သူမ ရှက်ရှက်နင့် ကမန်းကတန်း ပွတ်သုတ်လိုက်သော်လည်း ဘေးလူတွေ မြင်ပြီး နှင့်ကြပြီ ...။

"ဟာ .... ငိုပြီဟေ့ .... ဟေ့ကောင် .... မင်း ဆိုတာ ကောင်းလွန်းလို့ မျက်ရည်ကျတဲ့ လူ ကျနေပြီ"

ကိုသိန်းစိုးက အာပြကြီးနှင့် ပြောဆိုရယ်မောလေရာ၊ နီနီက ခင်လန်းဆန်းကို တအံ့တဩ ပြုံးပြ စိုက်ကြည့်နေရှာလေသည် ။

တကယ့်ကို တအံ့တဩ ....။

ဤမျှ ထိခိုက်ခံစားလိုက်ရအောင် သူ ဆိုလိုက်မိတာလား ....။ ဇဝေဇဝါ ....။

ခင်လန်းဆန်း ရှက်ရှက်နှင့် ပြုံးပြလိုက်တာကို တုံ့ပြန်ပြုံးရင်း ....

"ဆောရီး .... ခင်လန်းဆန်း"

"ကိစ္စမရှိပါဘူး"

သူမက ပိုက်ဆံအိတ်ကို ဖွင့်ကာ အသင့်ယူလာသော နှစ်သစ်မင်္ဂလာ

ကတ်ကလေး တစ်ကတ် ရွေးထုတ်ယူလိုက်သည် ။

စာတစ်ကြောင်း သော့သော့ရေးရင်း သူ့ကို လှမ်းပေး လိုက်လေသည် ။

သူက ကတ်ပြားလေးကို ဖွင့်ဖတ်ရင်း ....

"သင့်ခ်ယူး ...."

ကတ်ပြားလေးကို သူ့ ဆွယ်တာအတွင်းဘက်ထဲ ထည့်လိုက်ကာ၊ သူ့ ပန်းကန်လုံးကို သူယူပြီး ထွက်ခွာသွား၏။

ခင်လန်းဆန်းသည် ကိုယ့် အပြုအမူအတွက် ကိုယ့်ဘာသာ ရှက်နေသည် ။

သို့သော် သူမ ပျော်နေပါသည် ။

သူမဘဝ ပြည့်စုံပြီ။ သူမဘဝတွင် အသက်ပေး၍ မြတ်နိုးရမည့် ချစ်သူ ရှိလေပြီ ....။

*

## အန်ထော်နီဟိုး

သူ့ဘက်က အမှား တစ်စုံတစ်ရာ အားဖြင့် သေဆုံးခဲ့ရသည် မဟုတ်သော်လည်း ကိုယ်တိုင်က မြှုပ်နှံ သင်္ဂြိုဟ်ပစ်လိုက်ရသည့် အချစ်တစ်ခုဟာ ပြန်လည် ရှင်သန်လာနိုင်လိမ့်မည်ဟု နီနီ ဘယ်တုန်းကမှ မယုံကြည်ခဲ့ပါ။

မြေမြှုပ် သင်္ဂြိုဟ် ပြီးသော လူတစ်ယောက်ဟာ ပြန်လည် ရှင်သန်လာပြီး မိမိ နေမြဲ စားမြဲ အတိုင်း ဆက်လက်လှုပ်ရှားနေထိုင် သွားနိုင်သည် ဟု ဘယ်တုန်းကများ ဘယ်သူ တစ်ဦး တစ်ယောက် ကြားဖူးပါသလဲ

....။

"သင်၏ နှလုံးသား တစ်ဖန် ပြန်လည်ရှင်သန်လာနိုင်ပါစေ ...."

နှစ်သစ်ကူး ကတ်ပြား ကလေးပေါ်မှ စာတန်းကလေးတစ်ခုနှင့်အတူ သူ့ဘဝထဲ ဝင်ရောက်ခဲ့ သော ခင်လန်းဆန်း ဆိုသည့် မိန်းကလေးကို ကာလအတန်ငယ် ဖြတ်သန်းခဲ့အပြီး နောက်မှာ တစ်နေ့ထက်တစ်ရက် သူ မြတ်နိုးလာခဲ့မိခြင်းဟာ .... မြုပ်နှံပြီးသော အချစ် ပြန်လည်ရှင်သန် လာ သည် ဟု အန်ထော်နီဟိုး မယူဆပါ။

ဒါဟာ အသစ်သော အချစ် တစ်ခု ပေါက်ဖွား လာခြင်းမျှသာ ဖြစ်ပေသည် ။

တစ်ချိန်က သူ့ရဲ့ အချစ်သည် အချစ် သတ်သတ် တစ်ခု ....။

သူ့ရဲ့ ယခုအချစ်သည် အချစ်သတ်သတ် တစ်ခု ....။

သူ အသက်ရှင်နေသ၍ သူ့နှလုံးသားမှာ သွေးအဝင်အထွက် ပုံမှန်လည်ပတ်နေသေးသည် ။

တစ်ချိန်ချိန်သော အခါမှာ သူ ချစ်မိလိမ့်ဦးမည် ဆိုတာဟာ ဖြစ်နိုင်ချေရှိသော အခြေအနေ တစ်ခုပဲ မဟုတ်လား။

ဒါဟာ .... ခင်လန်းဆန်းကို ချစ်မိမှ သူ့ကိုယ်သူ ဆင်ခြေတက်လိုက်သော အတွေး တစ်ခု ဖြစ်လေသည် ။

အချိန်အတိုင်းအတာ တစ်ခုအထိတော့ သူဟာ ဘယ်သောအခါမျှ ထပ်မံချစ်တတ်တော့မည် မဟုတ်ဟု .... သူ့ကိုယ်သူ လွဲမှား ယုံကြည်နေခဲ့လေသည် ။

ခြောက်သွေ့ အထီးကျန် ဆန်ခဲ့တာ နှစ်ပေါင်းများ စွာ ကြာလာတော့

လည်း သူ ငြီးငွေ့သည် အမှန်ပင်။

တစ်ခုသော နှစ်သစ်ကူး ညမှာ တော့ ခင်လန်းဆန်း ပေးသော ကတ်ကလေးကို ဆွယ်တာ အောက်ထဲမှာ ရင်နှင့်ကပ်လျက်သား မတော်တဆ ထားမိရင်း သူ့အတွေးတို့ မူလက နှင့် ခြားနား ဆန့်ကျင်ခဲ့ရသည် ။

ထိုညက သန်းခေါင်ယံ ဆယ်နာရီတိတိမှာ သူတို့ သူငယ်ချင်းများ အုပ်စု ‘ဟက်ပီးနယူးရီးယား’လို့ ကောင်းကင်ပေါ် မော့ကာ သံပြိုင်ဟစ်အော်ဆုတောင်း၍ နှစ်သစ်ကို ကြိုဆိုလိုက်ရပြီးသည် နောက် .... နှစ်သစ်၏ ပထမဆုံး မိနစ်တွင် ....

“ကိုယ့်ကို စွန့်ခွာမသွားနိုင်သည့် ကံကြမ္မာနှင့် မိန်းကလေးတစ်ယောက်ကို သူ .... ဟိုးအရင်က ချစ်တတ်ခဲ့ဖူးသလို အရူးအမူးချစ်မိခွင့်ကြုံပါစေသား ....”

ဟု မွတ်သိပ် တောင့်တစွာ ဆုတောင်းလိုက်မိလေသည် ။

ချစ်သူ တစ်ယောက် အပြင်းအထန် တောင့်တ လိုချင်မှုဟာ ထိုညမှာမှ အဘယ်ကြောင့် စ,တင်ခဲ့သလဲဆိုတာ အန်ထော်နီဟိုး မသိပါ ....။

အကြောင်းကြောင်းများ တိုက်ဆိုင်ခဲ့တာ ဖြစ်မည်။

နောက်ပြီး .... သူ့ နှလုံးသားမှာ လည်း ထိုသို့ တောင့်တမိအောင် အရှိန်ပျိုးနေခဲ့တာ ကြာပြီ ထင်ပါသည် ။

ထိုညက အိမ်ပြန်ရောက်လျှင် သူ အိပ်လို့ မပျော်ခဲ့ပါ။

မမျှော်လင့်ဘဲ ခင်လန်းဆန်းကို သူ သတိရနေသည် ။

သူ့ သီချင်းကြောင့် ထိုမိန်းကလေး မျက်ရည် ကျရသည် ဆိုတာကို သူ အလွန်ပဲ အံ့သြမိပါသည် ။

သူမ စိတ်ထဲမှာ ၊ နှလုံးသားထဲမှာ ဘာတွေများ ရှိနေနှင့်ပါလိမ့်ဟု သူ တွေးမဆုံး။

ခင်လန်းဆန်းကို သူ သိကျွမ်းစ ခင်မင်မှုမျိုးသာ ရှိခဲ့ပါသည် ။

တစ်ခါတစ်ရံမှာ သူ့ထံ ရောက်နေတတ်သော သူမ မျက်ဝန်းတို့ ကို အမှတ်တမဲ့ တွေ့ဖူးသော် လည်း သူ ဘယ်လိုမှ မနေပါ။

ဘာရယ်လို့ လည်း မတွေးမိခဲ့ပါ။

သူမနဲ့ သူမသူငယ်ချင်း ခင်နန္ဒာတို့ နှစ်ယောက်ဟာ စာသင်ခန်းထဲမှာ အတွဲအများ ဆုံး၊ အလှဆုံး မိန်းကလေးနှစ်ယောက်လို့သာ သူ့ အာရုံက သိမှတ်ဖူးသည် ။

သူမတို့ နှစ်ယောက်ရဲ့ ဘေးက အဖော်အတွဲများကိုလည်း များ လွန်းသဖြင့် လူမှားလောက် အောင်ပင် သူ့မှာ မမှတ်မမိ ဖြစ်နေတတ်ပါသည် ။

ဒီကောင်မလေးဟာ ခင်နန္ဒာ အတွဲထင်နေတာ .... ခုတော့ ခင်လန်း ဆန်းရဲ့ အတွဲ ဖြစ်နေပါ လား ....။

ဟင်း .... ဟိုတစ်ယောက် မဟုတ်ပြန်ပါလား ....။

ဒီလောက်သာ သူ့အတွေးကို ခြယ်လှယ်ခဲ့ပါသည် ။

သို့သော် အဲဒီညကျမှ ခင်လန်းဆန်းကို သူ သတိတရ ဖြစ်နေတာဟာ ဘာကြောင့်တဲ့ လဲ ....။

မျက်ရည်ကျလိုက်သော အဖြစ်ကြောင့် ဖြစ်ကောင်း ဖြစ်မည် ....။

အဲဒီကစလို့ သူ ပိုပြီး မှတ်မှတ်ထင်ထင် ရှိကာ၊ သူမကို ရှာဖွေ သတိ ထား ကြည့်ခဲ့မိတော့တာ ဖြစ်သည် ။

သိပ်မရင်းနှီးလှခင်ကတည်းက စားသောက်ဆိုင်တန်းက သူတစ်ယောက်တည်း စားပွဲမှာ နှစ်ယောက်တွဲ လာဝင်ထိုင်ကာ စကားရောဖောရော ရှိခဲ့သော ခင်လန်းဆန်းနှင့် ခင်နန္ဒာကို အချိန်နှင့် အရှိန်အဟုန် အချိုးမကျစွာ တစ်ဟုန်ထိုး လျှင်မြန်စွာ သူ ပတ်သက်ရတော့သည်။

ဖြူဖွေး နုနယ်သော ခင်လန်းဆန်းဟာ အင်မတန် လှပပါလား ဆိုတာ သူ အဲဒီတော့မှ သတိပြုမိပါသည်။

သူမရဲ့ အဆင်အယင် အခြယ်အသ .... သူမ မောင်းကာ ကျောင်းတက်သော ကားနှစ်မျိုး .... သူမ ငွေကြေးသုံးစွဲပုံ အနေအထား ....။

ဒါတွေကို ကြည့်ကာ သူမဟာ ဥစ္စာဂုဏ်ဓနေ ဘယ်လောက်ထိ မြင့်မား ခိုင်ခံ့သော မိသားစုမှ လည်း ဆိုတာ သူ တွေးဆလို့ ရပါသည်။

သူမ ထိုင်မည့် နေရာမှာ ညစ်ပေတာမျိုး .... ဖုန်ခါမရသည့် အခါမျိုးမှာ ဖြူသန့်သော လက်ကိုင်ပဝါ လှလှလေးနှင့် မညှာမတာ သုတ်ချပစ်လိုက်ပြီး လက်ကိုင်ပဝါကို အပြီး လွှင့်ပစ်လိုက် သည့်အခါမျိုး ....။

သရေစာ ကြက်ဥမြေပဲလိုဟာမျိုး စားတာကိုပင် ကျောင်းမှာ ရသောငါးကျပ်၊တစ်ဆယ်တန် မုန့်တွေ မစားဘဲ နိုင်ငံခြားက ကော်ဖီအရသာဖြင့် အခွံအုပ်သော တစ်ရာ့ခုနစ်ဆယ်တန် ကြက်ဥမြေပဲဘူးကို ဝယ်စားကာ စကားပြောရင်း အပျင်းပြေစားရင်းက မကုန်မခန်းနိုင်သောဘူးကို ကားထဲ ဒီအတိုင်း ပစ်ထားသဖြင့် ပျော့သွားပြီး နှစ်ရက်သုံးရက်နေတော့ ကားမောင်းသွားရင်းမှ ဘူးကို အပြင် ပေါက်လွှင့်ပစ်လိုက်တတ်သော အခါမျိုး ....။

သူမ ခြေကျင်းဝတ်မှ ရွှေကြိုးပျော့လေး တစ်စုံတစ်ရာနှင့် ငြိပြတ်ကာ ကျောင်းမှာ တင် ပျောက်သွားသောအခါ သူငယ်ချင်းမ တချို့က ဒေါင်းတောက်အောင် ကူညီရှာဖွေပေးစဉ် သူမက .... သူနှင့် စကားမပြ

တ်ဘဲ .... 'ထားလိုက်တော့ နေပစေတော့'ဟု ပေယျာလကန် ထားပစ်လိုက်ခြင်း ကို မြင်ရသော အခါမျိုး ....။

နှစ်ရာကျော် သုံးရာတန် လက်သည်းဆိုးဆေးမျိုး တစ်ရက်ခြား တစ်ပုလင်းလောက် ဝယ်နေတာ တွေ့နေရသော အခါမျိုး ....။

ထိုအခါမျိုးတွေမှာ ခင်လန်းဆန်းရဲ့ ချမ်းသာ ကြွယ်ဝမှုကို သူ ကြောက်မိသည် ။

သူဟာ မဆင်းရဲပါ ....။

အတန်အသင့်သော ပြည့်စုံမှု ရှိပါသည် ။

သို့သော် .... ခင်လန်းဆန်းရဲ့ အခြေအနေနှင့်တော့ ယှဉ်မရပါ ....။

ထိုအခါ သူဌေးသမီးလေး တစ်ယောက်မှာ ရှိနိုင်သော မာန၊ အတ္တတို့ကို သူ စိုးရိမ်မကင်း စောင့်ကြည့်နေခဲ့မိသည် ။

ထပ်မံပြီး အသည်းကွဲ မခံနိုင်သော အန်ထော်နီဟိုးသည် ဤတစ်ကြိမ်၏ ရွေးချယ်မှု အတွက် အဘက်ဘက်က ဦးနှောက်သုံးခဲ့ရပါသည် ။

အံ့ဩစွာ သူ တွေ့ရှိရသည် မှာ ဤရွှေပေါ်မြတင်မလေး၏ သူ့အပေါ် အောက်ကျို့ ခယ နိုင်လွန်းမှုပင် ဖြစ်လေသည် ။

ခင်လန်းဆန်းသည် သူတစ်ပါး အပေါ်မှာ လည်း မာန မထားတတ်ပါ။

အင်မတန် ဖြူစင် အပြစ်ကင်းလှပါသည် ။

ကလေးတစ်ယောက်နှယ် ရိုးသားလှပါသည် ။

သူ့အပေါ်ဆိုလျှင်တော့ မာန အစွယ် မရှိရုံမျှမက အနွံ့အတာ အောက်ကျ နောက်ကျ ခံလွန်း ပါသည် ။

ပြီးတော့ .... သိသိသာသာ ထူးခြားသော အချက်တစ်ချက်မှာ ခင်နန္ဒာသည် ယခင်ပုံစံအတိုင်း အတွဲတွေ အဖော်တွေနှင့် ရှုပ်ယှက်ခတ်ဆဲ ရှိလျက် .... ခင်လန်းဆန်း နံဘေးမှာ အံ့ဩစရာကောင်းလောက်အောင်ကို ယောက်ျားလေး တစ်ယောက်မှ မရှိတော့တာ ဖြစ်သည် ။

သူမ မျက်လုံးလေးများမှာ သိသာစွာ သူ့ကို အခွင့်အရေး ပေးလှပါသည် ။

သူနှင့်သူမ တစ်နှစ်နီးပါး .... လပေါင်းများ စွာ ရင်းနှီးမှု သံယောဇဉ် ခိုင်မြဲ လာပြီးနောက် .... သူမဟာ သူ့အပေါ် အရှုးအမူး စွဲလမ်းနေခဲ့ပြီ ဆိုတာကို သူ ကြင်နာ ကရုဏာ သက်စွာ ရိပ်မိရပါသည် ။

အဲဒီရဲ့ နောက်တော့ ....

ခင်နန္ဒာတို့ ခြံမှာ ပဲ နှစ်သစ်ကူးပွဲကလေး လုပ်ပြန်ပါသည် ။

အန်ထော်နီဟိုးကို ဖိတ်ပါသည် ။

အဲဒီညက အန်ထော်နီဟိုးသည် ထူးခြား ဆန်းပြားစွာပင် ခင်လန်းဆန်းကို နောက်ပြောင်လို စိတ် တစ်ခုနှင့် ထိုခြံကို ပုန်းလျှိုးကွယ်လျှိုး ရောက်လာကာ .... ခြံရဲ့ နောက်ဘက်ထဲမှ မီးဖိုကြီးနှင့် ခပ်လှမ်းလှမ်းရှိ ပိတောက်ပင်ကြီးတစ်ပင် အနောက်မှာ ကွယ်ပြီး ပုန်းအောင်းနေပါသည် ။

ပိတောက်ပင်ကြီး နောက်မှ ကွယ်၍ ခင်လန်းဆန်း လည်ပင်းကလေး ရှည်နေတာကို ချောင်းကြည့်ရင်း .... အန်ထော်နီဟိုးမှာ တစ်ယောက်တည်း ပြုံးရယ်နေမိပါသည် ။

တစ်ခဏ အကြာမှာ စိတ်ပျက်လက်ပျက် ဖြစ်လာပုံရသော ခင်လန်းဆန်းသည် လူအုပ်ထဲ လည်း မရောက်တော့။

အစာလည်း မစားတော့ ....။

ဘာကိုမှ လည်း စိတ်မဝင်စားတော့ ....။

ခင်နန္ဒက သူမကို နှစ်သိမ့်လိုက်၊ ကားဝင်ရာဘက်ကို ကြည့်လိုက်နှင့် ရှိသည် ။

သူက ကားကို ခြံအပြင်မှာ ရပ်ထားပစ်ခဲ့ပါသည် ။

သူ့ရဲ့ ပိတောက်ပင်ကြီးဆီ ခင်လန်းဆန်း လျှောက်လာကာ တစ်ဖက် ပင်ခြေမှာ ထိုင်ချလိုက်လျှင် အန်ထော်နီဟိုး၏ ရင်မှာ တဒိတ်ဒိတ် လှုပ်ရှား လာလေသည် ။

ခင်နန္ဒာက ခင်လန်းဆန်းကို လူအုပ်ထဲရောဖို့ အတင်းပြန်ခေါ်နေ သော်လည်း ခင်လန်းဆန်း ကမလိုက်။

"ကိုယ်တော့ ရူးတော့မယ် ထင်ပါရဲ့ နန္ဒာရယ်"

"အို .... ယူကလည်း ၊ ဘာလို့ ရူးစရာလည်း ၊ သူ လာမှာ ပါ၊ နောက် ကျနေတာ ဖြစ်မှာ ပါ၊ မနှစ်က သိပ်မရင်းနှီးသေးခင်ကတောင် ဖိတ်တာ လာတာပဲ၊ အခုက .... လာမှာ သေချာပါတယ်၊ သူ.... မင်းကို စိတ်ဝင် စားပါတယ်"

"တကယ်"

"တကယ်ပါ .... ကိုယ် လောင်းရဲတယ်"

"မဟုတ်ရင်တော့ ကိုယ်တကယ် ရူးမှာ ပဲ နန္ဒာ၊ ကိုယ် သူ့ကို သိပ်ချစ် နေပြီ၊ ကိုယ် သူ့ကို ဆုံးရှုံးလို့ မရဘူး၊ မဖြစ်နိုင်ဘူး၊ သေလုအောင် ချစ်လို့ သာ တကယ် သေရမယ်ဆိုရင် ကိုယ် တကယ် သေခဲ့တာ ကြာပြီ"

"ကိုယ် .... ဖုန်းဆက်ကြည့်လိုက်ပါဦးမယ် ခင်လန်းဆန်းရယ် ...."

အန်ထော်နီဟိုးသည် သစ်ပင်ကွယ်တစ်ဖက်မှ ထွက်လိုက်ဖို့ ခင်လန်း

ဆန်းကလေးကို အားနာနေမိပါသေးသည် ။

သို့သော် .... နန္ဒာ ပြန်ရောက် မလာခင်မှာ ဘဲ သူနှင့် သူမတို့ လှပစွာ တွေ့ဆုံပြီးခဲ့ကြပြီ ....။

အဲဒီညက ခင်လန်းဆန်းကို သူ စကားများ စွာ ပြောဖြစ်ခဲ့ပါသည် ။

တကယ့်ကို များ စွာ ....။

သူ့ဘဝ ဇာတ်ကြောင်းများ ....။

သူ့မှာ ဘော်ဘီဟိုးလို့ ခေါ်တဲ့ အစ်ကိုတစ်ယောက်နှင့် မရီးတစ်ယောက်ရှိကြောင်း၊ အိပ်ရာထဲ မှာ လဲနေသော ကင်ဆာရောဂါသည် အမေအိုကြီး တစ်ယောက်ရှိကြောင်း၊ ညီအစ်ကိုနှစ်ယောက် ဦးစီးသော မော်တော်ကားဝပ်ရှော့ပ် တစ်ခု၊ ခြံဝန်းထဲမှာ ပဲ ဖွင့်လှစ်ထားကြောင်း၊ သူဟာ အိမ်ထောင်ကျတဲ့ အခါ ဝေဒနာသည် အမေကိုရော၊ လုပ်ငန်းကိုရော ပစ်သွားဖို့ မဖြစ်နိုင်လှတဲ့ အတွက် သူ့ရဲ့ ကြင်သူသက်ထားဟာ သူ့အိမ်မှာ လိုက်နေပေးဖို့ တောင်းဆိုရန် ရှိကြောင်း .... စသည့် ခေါင်းစဉ်များ အောက်မှာ ....။

ကြည်လင့်သောအပြုံး၊ တောက်ပသောမျက်လုံးကလေးများ နှင့် နားစိုက်ထောင်နေသော ခင်လန်းဆန်းကလေးကို အမြတ်တနိုး လက်ထပ်ခွင့်တောင်းခဲ့ပါသည် ။

မျက်ရည် ရစ်ဝဲကာ ကြည်နူး တုန်လှုပ်နေသော မိန်းမငယ်သည် ကြာကြာကြီး ဟန်လုပ် မနေပါ။

ခေါင်းညိတ်လက်ခံသော အဖြေစကားနောက်တွင် ခင်လန်းဆန်းသည် အန်ထော်နီဟိုး၏ လက်မောင်းတစ်ဖက်ကို တင်းကျပ်စွာ ဖက်တွယ်ကာ ပခုံးထက် ခေါင်းကလေးမှေးမှီပြီး ချစ်စဖွယ် တီတီတာတာ ရှိနေခဲ့

ပါသည် ။

သူ့ရင်ထဲတွင် သူနှင့် ခင်လန်းဆန်း ချစ်သွားကြသော အဖြစ်ကို အိပ်မက်တစ်ခုအလား မကြာ ခဏ ထင်မှား နေမိပါသည် ။

သူ ဘာကြောင့် နှစ်ကာလရှည်လျားစွာ အချိန်ဖြုန်းနေခဲ့မိပါလိမ့် .... ။

ဒါဟာလည်း ခင်လန်းဆန်းနဲ့ ဆုံရဖို့ ဖြစ်မှာ ပေ့ါ .... ဟု သူ ယူဆပါသည် ။

ကာလကြာရှည်စွာ ပျောက်ဆုံးနေခဲ့သော ကြည်နူးမှုတစ်ခု နှင့် ထိုညကို အန်ထော်နီဟိုး မမေ့ နိုင်ပါ။

ခင်လန်းဆန်းကို သူ ချစ်သည် ။

အချစ်ဟောင်းနှင့် အချစ်သစ်ကို နှိုင်းယှဉ်လို့ မရပါ။

နှိုင်းယှဉ် မရတာ သက်သက်သာ ဖြစ်ပါသည် ။

ပြီးခဲ့သော အချစ်သည် .... ပစ္စုပ္ပန်မှာ ရှိမှ မရှိတော့တာဘဲ။

“နီနီ့ကို ကိုယ် မေးစရာ တစ်ခု ရှိတယ်”

“ဟုတ်ကဲ့ ....”

“ကိုယ် .... ယောက်ျားလေး တစ်ဦးနဲ့ တွဲခဲ့ဖူးတယ်”

“ကျွန်တော် သိပါတယ်”

“နီနီ ဘာမှ မဖြစ်ဘူးလား”

“ကျွန်တော်နဲ့ ချစ်နေတဲ့ ခင်လန်းဆန်းကိုပဲ ကျွန်တော် စိတ်ဝင်စားပါတယ်”

"ဒါပေမဲ့ .... ကိုယ်ကတော့ ကိုယ်နဲ့ မချစ်ခင်က အန်ထော်နီဟိုးကို လည်း စိတ်ဝင်စားတယ်"

"ကျွန်တော် ဘာပြောရမလဲဟင်"

"နီနီ့အသည်းကို ကွဲစေခဲ့တဲ့ ငယ်ချစ်ဦး အကြောင်း ပြောပြပါလား"

သူသည် သက်ပြင်းတစ်ချက်ကို ရှိုက်ကာ နူးနူးညံ့ညံ့ ပြုံးမိလျက် ....

"အကြမ်းဖျင်းပဲ ပြောကြပါစို့ ခင်လန်းဆန်းရယ်"

"အကြမ်းဖျင်းပဲ ပြောပါ"

"မိန်းကလေးတစ်ယောက်ကို ကျွန်တော် ချစ်ခဲ့ဖူးပါတယ်၊ ငယ်သူငယ်ချင်း ကစားဖော် ....၊ ကျွန်တော်ရော သူရော တစ်ယောက်ကိုတစ်ယောက် အသက်ပေး ချစ်ခဲ့ကြတယ်၊ ဒါပေမဲ့ ပေါင်းဖို့ ကံ မပါဘူးလေ .... သူ ယောကျ်ား ယူသွားတယ်၊ ကျွန်တော် အသည်းကွဲခဲ့ပါတယ် ခင်လန်းဆန်း ရယ် ဘယ်တော့မှ ပြန်ကောင်းမလာနိုင်တော့ဘူး ထင်ရလောက်အောင် အသည်းဟာ ဆိုးဆိုးဝါးဝါး ကွဲခဲ့ပါတယ်၊ အကြာကြီးပဲ ခံစားခဲ့ရတယ်၊ မိန်းကလေး တစ်ယောက်ကို ထပ်မချစ်ရဲတော့အောင် အဲဒီ ဒဏ်ရာက ခြောက်လှန့် နေခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော် ခင်လန်းဆန်းကို မမျှော်လင့်ဘဲ ချစ်မိခဲ့တယ်"

"မမျှော်လင့်ဘဲနဲ့ .... မရည်ရွယ်တဲ့ သဘောပေါ့၊ ဆန္ဒမရှိလှဘဲ ဆိုပါတော့"

အန်ထော်နီဟိုးသည် ဘောက်ဆတ်ဆတ် စကားသံလေးကို အံ့အားသင့် နေသည်။

မဖြေရှင်းတတ်ဘဲ ခင်လန်းဆန်းကို ငေးကြည့် ငေးငိုင်နေခဲ့သည်။

“သူ့ကို သိပ်ချစ်ခဲ့လား”

“ကျွန်တော် မညာပါရစေနဲ့ ၊ သိပ် ချစ်ခဲ့ပါတယ်”

“ခု .... ပြန်တွေ့ရင် ချစ်ဦးမလား”

“ခု .... ပြန်တွေ့ရင် .... မဖြစ်နိုင်ပါဘူး ခင်လန်းဆန်းရယ်”

“မဖြစ်နိုင်တော့လို့ ကိုယ့်ကို စိတ်ကူးထဲ ထည့်တာပေါ့”

“အဲဒီလို မဟုတ်ဘူး ”

“တကယ်တော့ အဲဒီလို ဟုတ်ပါတယ်၊ သူ့ကို ဒီလောက်ချစ်ခဲ့တာပဲ၊ ဖြစ်နိုင်တဲ့ အခွင့်အရေး ရှိခဲ့ရင် ကိုယ့်ကို နီနီ ဘယ်လာပတ်သက်နေစရာ ရှိတော့လဲ”

“ခင်လန်းဆန်းကို ကျွန်တော် တသီးတခြား ချစ်တာပါ၊ သီးသန့် ချစ်တာပါ”

“သူနဲ့ ကိုယ့်ကို ဘယ်သူ့ ပိုချစ်သလဲဟင်”

သူမရဲ့ မျက်ဝန်းကလေးကို သူ သနားရပါသည် ။

တုန်လှုပ်သော မေးခွန်းသံကလေးကြောင့် နှလုံးသားများ နာကျင်ရပါသည် ။

“အဲသလို ဘယ်တော့မှ မမေးပါနဲ့ ခင်လန်းဆန်းရယ်”

“ဒါဖြင့် ဟိုတုန်းကအချစ်နဲ့ ခု အချစ် ဘယ်ဟာက ပိုလဲ”

“အဲသလို နှိုင်းယှဉ်လို့ ရတဲ့ အရာမျိုး မဟုတ်ပါဘူး ခင်လန်းဆန်းရယ်၊ ပြီးဆုံးခဲ့တဲ့ အချစ်က လုံးဝ ကွယ်လွန်သွားပါပြီ၊ ကျွန်တော် ခင်လန်းဆန်းကို အမှန်တကယ် မြတ်နိုးပြီး ချစ်တာပါ ....”

"ဒါကို ကိုယ် ယုံပါတယ် နီနီရယ်၊ ဒါပေမဲ့ သိပ်အချစ်ကြီးတဲ့ နီနီ့ နှလုံးသားကို ကိုယ်က တစ်ဝက်တိတိမှ ရရဲ့ လားလို့ ပါ"

"တစ်ခုလုံး အပြည့်အဝ မင်း ရပါတယ် ခင်လန်းဆန်းရယ်၊ ကျွန်တော့် နှလုံးသားဟာ ခုချိန် မှာ ခင်လန်းဆန်းတစ်ယောက်တည်းအတွက် အချစ်နဲ့ ပဲ အပြည့်ပါ"

ခင်လန်းဆန်းသည် သူ အကြိုက်ဆုံးမုန့်ကို မရသော်လည်း ဒုတိယ အကြိုက်ဆုံးမုန့်ကို လက်ခံထားရသော ကလေးငယ်မျက်နှာကလေးနှင့် မျက်ရည်လည်နေသည် ။

"ဒါဖြင့်လည်း ရှင် ချစ်တဲ့ ခင်လန်းဆန်း ဝမ်းသာသွားအောင် သူနဲ့ ကိုယ်မှာ ကိုယ့်ကိုပိုတယ် လို့ ညာပြီးတော့ပဲဖြစ်ဖြစ် ပြောလိုက်ပါလား နီနီရယ်"

"မင်း ဆယ်တန်းနှစ်က သောက်ခဲ့တဲ့ ကော်ဖီတစ်ခွက်နဲ့ ဒီနေ့ သောက်ရတဲ့ ကော်ဖီတစ်ခွက် ရဲ့ အရသာကို နှိုင်းယှဉ်လို့ ရမလား ခင်လန်းဆန်းရယ်၊ ကျွန်တော်လည်း ဒီလိုပဲပေါ့၊ ကျွန်တော် ပြောလို့ မရတော့ဘူး ၊ ဟိုကော်ဖီကို ကျွန်တော် ပြန်ပြီး တမ်းတ တွေးမကြည့်ပါရစေနဲ့ ၊ သောက်လက်စ ကော်ဖီကိုပဲ အရသာခံပါရစေ၊ ကုန်ခဲ့တဲ့ ကော်ဖီတစ်ခွက်ဟာ ကျွန်တော့်ဆီ ပြန်ရောက်မလာနိုင်တော့ပါဘူး၊ ဘယ်နားမှ လည်း သွားရှာလို့ မရတော့ပါဘူး၊ ကော်ဖီ သောက်ခဲ့ဖူးတယ်ဆိုတာကို မမေ့သေးပေမယ့် ကြိုက်ခဲ့တာကိုလည်း မမေ့ပေမယ့် တိုင်းတာပြောပြနိုင်လောက်အောင် အရသာကို မသိတော့ပါဘူး"

"ဒါပေမဲ့ သူက ကော်ဖီတစ်ခွက်မှ မဟုတ်ဘဲ၊ သက်ရှိ လူတစ်ယောက်ပဲ၊ ကော်ဖီတစ်ခွက် မှာ ခြေထောက်မပါ၊ နှလုံးသားမပါပေမယ့် သူ့မှာ ခြေထောက်လည်း ပါတယ်၊ နှလုံးသားလည်း ပါတယ်၊ သူကလည်း မင်း

ကို သိပ်ချစ်ခဲ့တယ်ဆို”

အန်ထော်နီဟိုးသည် ဤအဖြစ်အပျက်ကို တတ်နိုင်သမျှ အစ မဖော်လိုပါ။

ဘာရယ် ညာရယ် မဟုတ်၊ သူ အင်မတန်မှ စိတ်ပင်ပန်းလှပါသည် ။

မေ့ပစ်ခဲ့တာ ကြာလှပြီပဲ။

သို့သော် ခင်လန်းဆန်းက အစဖော်နေသူ ဖြစ်သည့်အတွက် သူ စိတ်ဆိုးလို့ လည်း မရဘဲ ကသိကအောက် ဖြစ်လှပါသည် ။

သက်ပြင်း တွင် တွင် ချရင်း ခေါင်းကိုသာ ခါယမ်းနေခဲ့ရသည် ။

“သူ ဘယ်သူလဲ”

“သာမန် မိန်းကလေး တစ်ယောက်ပါပဲ ခင်လန်းဆန်းရယ်”

“သူ့နာမည် ဘယ်လိုခေါ်လဲဟင်”

“ကျွန်တော် မပြောပါရစေနဲ့ ”

“ဘာဖြစ်လို့ လဲ”

“သိလို့ လည်း အကြောင်းမထူးနိုင်ပါဘူး ခင်လန်းဆန်းရယ်”

“ထူးတယ်၊ သူ ဘယ်သူဆိုတာ ကိုယ် သိထားရင် မတော်တဆ သူနဲ့ ဆုံရတာမျိုး ရှိလာရင် ကိုယ် သတိထားနိုင်တာပေါ့”

“သူ ဘယ်သူဆိုတာ သိမထားရင် သူနဲ့ ဘယ်တော့မှ မဆုံရတော့ဘူး ပေါ့”

“ဆုံရင်ဆုံမှာ ပဲ”

“ဆုံရင်လည်း သူဟာ သူရယ်လို့ သိမနေတော့ မင်းအတွက် မဆုံရ

တဲ့ သဘောပဲပေါ့”

ခင်လန်းဆန်းသည် သူ့ရင်ခွင်ထဲ ခေါင်းလေးငိုက်မိုက်ကာ ....

“ဟင့်အင်း ....၊ ကိုယ် မကျေနပ်ပါဘူး နီနီရယ်”

“ကျေနပ်ပါ ခင်လန်းရယ်၊ ကိုယ့်အတွက် ချစ်သူဆိုတာ ခုချိန်မှာ မင်းတစ်ယောက်တည်းမှ မင်းတစ်ယောက်တည်းပါ”

ခင်လန်းဆန်းသည် စိတ်ကျေနပ် တုံးတုံးချနိုင်မှု မရှိပါ။

မကျေနပ်လှဘဲနှင့် စကားမဆက်တော့တာသာ ဖြစ်ကြောင်း အန်ထော်နီဟိုး သိခဲ့ပါသည် ။

သို့သော် ဤကိစ္စသည် သူတို့ နှစ်ယောက်အကြား မကြာခဏ ဆိုသလို စိတ်ကောက်စရာ ကိစ္စလေး တစ်ခုအဖြစ် ဆက်လက်တည်မြဲနေတာကို သူ သဘောမကျပါ။

မကြာခဏ အစဖော်ကာ ခင်လန်းဆန်းက မေးတတ်သလို သူကလည်း အမြဲတမ်း စကားကို ဖြတ်ကာ ပိတ်ပါသည် ။

သဝန်တိုခြင်းဟူသောအရာသည် မိန်းကလေးတွေမှာ ပိုတတ်သလား အန်ထော်နီဟိုး မသိပါ။

အချစ်ဆိုသည် မှာ သဝန်တိုခြင်းနှင့် လုံးလုံးမကင်းဟူသော အဆိုကို သူ မကြိုက်ဆိုပါ။

အဘယ်ကြောင့် ဆိုသော် သူသည် ခင်လန်းဆန်းအပေါ် ပြောပလောက်အောင် သဝန်တိုမိခြင်းမျိုး ရင်ထဲ တစ်ကြိမ်မှ ပေါက်ဖွားမလာခဲ့ဖူးသောကြောင့်တည်း။

သို့သော် ခင်လန်းဆန်းကို သူ ချစ်ပါသည် ။

*